ကာတွန်း

# ပေါ်လွင်ကျော်၏

# စင်ဒရဲလာ

မင်းသမီးကလေး

ပါဝင်သော

## အလှဘုရင်ရဲ့ ဘဝပုံပြင်




ကာတွန်း★ပေါ်လွင်ကျော်
မင်းသမီးလေး


ဟေး... ခင်သီယာ ခဏနေဦး...
အဲ... မာဂရက်ပါလား
နင်နဲ့တွေ့တာအတော်ပဲ နင်ကြိုက်တဲ့ပန်းသီး ငါလမ်းမှာတွေ့တာနဲ့ ဝယ်လာတယ်... ရော့
ဟယ်... ကျေးဇူးပါပဲ သူငယ်ချင်း ရာ...
အချိန်မရတော့လို့ ငါသွားတော့မယ်နော် စားဖြစ်အောင်လည်း စားလိုက်ဦးနော်...
စိတ်ချ စိတ်ချ...


မာဂရက်က ခင်သီယာလေးအနား မှ ခပ်သုတ်သုတ်ထွက်သွားလေ၏...
သူ့ကြည့်ရတာ ကိစ္စတစ်ခုခု ရှိနေပုံပဲ
ခင်သီယာလေးမှာသူကြိုက်နှစ်သက် သည့်ပန်းသီးကိုစားရတော့မှာမို့ အလွန်ဝမ်းသာနေသည်
အခွံမနွှာတော့ ပါဘူး...
ပန်းသီးကိုကိုက်စားရန်ပြင် လိုက်စဉ်...
မမ
၃


ဟင်...ဂျင်မီ ပါလား.. ဘယ်ကပြန် လာတာလဲ
သားဘောလုံးကန် ရာကပြန်လာတာပါ ဒါနဲ့... မမလက်ထဲက ပန်းသီးသားကိုကျွေး ပါလားဟင်... ပန်းသီး ဆို သားကသိပ်ကြိုက် တာ...
အင်း...ငါ့ထက်ကြိုက်တဲ့သူနဲ့ တွေ့နေပါလား... အင်းလေ ငါမစားရရင်နေပါစေ...သူ့ကိုပဲ ကျွေးလိုက်ပါတော့မယ်...



ကဲ..ရော့ ဂျင်မီပဲ စားလိုက်တော့
ဟေး... ဒါကြောင့် မမကိုချစ်တာ
ဂျင်မီမှာဘောလုံးကန်ရာမှ ပြန်လာတာကြောင့် မောပန်း နွမ်းနယ်လာသဖြင့် ပန်းသီးကို အငမ်းမရကိုက်စားလိုက်သည်
ခဏအကြာမှာတော့ဂျင်မီ့ရဲ့ပါးစပ် ထဲမှ အမြှုပ်များထွက်လာသည်...
ဟင် ဂျင်မီ ဘယ်လို ဖြစ်တာလဲ



မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်နေ
သော ဂျင်မီကိုပွေ့ချီလိုက်ပြီး....
ဆေးဆရာဆီ
အမြန်သွားမှပဲ..
ဆေးဆရာကြီးထံ
ရောက်သောအခါ
ဟင်..ဒီကလေး
အဆိပ်မိလာ
တာပဲ
အဆိပ်ဖြေဆေး
ရည်ကိုအမြန်ဆုံး
တိုက်လိုက်သည်...


မကြာမီ .. ဂျင်မီလည်း ငြိမ်ကျသွားသည်
တော်ပါသေးရဲ့ အချိန်မီရောက်လာ ပေလို့သာပေါ့ နို့မို့ဆိုရင် ဒီကလေးအသက်ပါ ဆုံးရှုံးနိုင်တယ်ကွဲ့...
ပြီးတော့ .. သူစားလိုက်တဲ့ ပန်းသီးမှာအဆိပ်တွေ ပါနေတယ်ကွဲ့...
ရှင်..
ဆေးဆရာကြီးကသေချာစစ်ဆေးပြီး ပြောလိုက်သည့်အတွက် .. ခင်သီယာလေး မှာ လွန်စွာအံ့ဩသွားသည်...
ငါ့ကို ပန်းသီး ကျွေးတာမာဂရက် ပဲ...
၇


ဒါနဲ့ .. ဒီကလေးက သမီးရဲ့မောင်လေး လား...
မဟုတ် ပါဘူး...
ကျွန်မရဲ့မောင်လေးပါ ဆေးဆရာကြီးရယ်
အခန်းထဲသို့ဝင်လာသူ မာဂရက်ကိုတွေ့ လိုက်ရတယ်..
ငါ့ကိုခွင့်မလွှတ်ပါနဲ့ ခင်သီယာရယ် ခုလိုဖြစ်ရတာဟာ ငါ့ကြောင့်ပါ... နင်ဟာပိုက်ဆံကလည်းချမ်းသာတယ်.. ရုပ်ရည်ကလည်းချောမောတယ် ဓာကလည်းတော်တယ်... လူအများရဲ့ ချစ်ခင် ချီးမွမ်းခြင်းကိုလည်းခံရတယ်...
၀


ဒါတွေကိုငါမနာလိုဖြစ်ပြီး
နင်ကြိုက်တတ်တဲ့ပန်းသီးထဲမှာ
အဆိပ်ရည်ထည့်ကျွေးမိခဲ့တယ်...
ဒါပေမဲ့ .. ငါ့ရဲ့ယုတ်ညံ့တဲ့ကံက
ငါ့ထံပဲ ပြန်လာခဲ့တယ်...ငါ့မောင်လေးရဲ့
အသက်တောင် နင်ကကယ်တင်လိုက်
သေးတယ်... ငါ.. ငါမှားပါတယ်
ခင်သီယာရယ်...
နင့်အမှားကိုနင်မြင်ပြီ
ဆိုမှတော့.. ငါကခွင့်လွှတ်
ရမှာပေါ့...ငါတို့က
သူငယ်ချင်းတွေပဲဟာ...
ဪ...
စိတ်ထား
မြင့်မြတ်ပါ
ပေတယ်...
ခင်သီယာ
ရယ်...

ကာတွန်း★ပေါ်ဗျူဒကျော်

မင်းသမီးလေး (၅)

မကျက်လို့မရ
မရလို့မကျက်




ယနေ့သည် ကျောင်းပိတ်ရက်ဖြစ်တာမို့... ခင်သီယာလေးတို့အိမ်တွင် သူငယ်ချင်းများဆုံမိကြသည်...
ခင်သီယာ.... ငါတော့ မနက်ဖြန် ကျောင်းမတတ်ဘူးလို့ ဆုံးဖြတ်ထားတယ်
မာဂရက်ကလည်း
ဟုတ်တယ်ဟ ငါလည်းကျောင်း တတ်ရမှာစိတ် ညစ်လာပြီ
ထိုအခါ ခင်သီယာလေးက
နင်တို့မနက်ဖြန် ကျောင်းမတတ်ချင်တာ ငါသိပါတယ်.. ဆရာမ စာမေးမှာ ကြောက်လို့မဟုတ်လား..
၁၁


အင်း.. စာမေးမှာထက် အပြစ်ပေးခံရမှာကို ရှက်လို့ပါဟာ...
နှင် စဉ်းစားကြည့်စမ်း.. ဆရာမက စာမေးလို့မရရင် ခုံပေါ်တက် မတ်တပ်ရပ်ခိုင်းတာ ဘယ်လောက်ရှက်ဖို့ကောင်းသလဲ
တို့တွေက ကလေးမှ မဟုတ်တော့တာ ရှက်တတ်တဲ့အရွယ် ရောက်နေပြီ..
နှင်က စာရတဲ့သူဆိုတော့ ငါတို့လို မခံစားရဘူး ပေါ့....


ဒါများအေမီရယ် လွယ်နေတဲ့ကိခ္ခလေးကို နင်တို့ကခက်အောင်လုပ်နေ ပြန်ပြီ...
နင်တို့သာဓာရကြည့်ပါလား ဆရာမက အပြစ်ပေးဖို့ ဆိုတာဝေလာဝေးဘဲ...
အဲ.. ငါတို့က နင့်လောက် ဉာဏ်ကောင်းတာမှ မဟုတ်တာ...
တကယ်တော့ မာဂရက်နဲ့အေမီ သည် ဓာကျက် အလွန်ပျင်း၏ ဒါကြောင့်လည်း သူတို့ကိုယ်သူတို့ ဉာဏ်မကောင်းဟု သတ်မှတ်ထားကြ၏


ငါလည်း..ဉာဏ်မကောင်း ပါဘူး...ဒါပေမယ့် စာတစ်ပိုဒ်ကို ဇွဲရှိရှိနဲ့ ဝီရိယအားနိုက်ထုတ်ပြီး ကြိုးစားကျက်တော့စာက ရသွားတာပေါ့..
အဲ... နောက်ပြီး နင်တို့ မနက်ဖြန်ကျောင်းမတက်တော့ ရော... စာကရသွားမှာတဲ့လား စာကျက်မှစာကရမှာပေါ့...
ပြီးတော့ ကျောင်းစာတွေလည်း နောက်ကျသထက် နောက်ကျပြီးစာတွေပါ အကြွေးထပ်တင်လာရင် စာမေးပွဲမှာထိခိုက်နိုင် တယ်
ဒါတွေကိုနင်တို့ စဉ်းစားမိရဲ့လား...


ဆရာမကအပြစ်ပေးတယ်ဆိုတာ အရှက်တကွဲဖြစ်စေချင်လို့မဟုတ် ပါဘူး.. စာကိုရစေချင်လို့ စာမေးပွဲကိုအောင်စေချင်လို့ပါ..
တစ်နှစ်တာကုန်ဆုံးသွားတဲ့ အချိန်တွေရယ်..ငွေတွေရယ် ဘယ်လောက်နှမြောဖို့ ကောင်းသလဲ..
ဒီတော့.. မနက်ဖြန် နင်တို့ကျောင်းလည်း မပျက်အောင် အပြစ်ပေးလည်း မခံရအောင် ငါ့ အကြံကိုလက်ခံ မလား...


ကဲ..ဆိုစမ်းပါဦး.. နင့်အကြံက ဘယ်လိုမျိုးလဲ...
ထို့နောက်..ခင်သီယာလေးသည်သူနှင့် အတူတူ..စာကျက်ရန်ပြောဆိုလိုက် သည်...
အေး..အဲ့ဒါဆိုလည်း ကောင်းသားပဲ..
အေမီနှင့်မာဂရက်တို့ သည်ခင်သီယာလေး အိမ်မှာပင် စာကိုအတူတူ ကျက်ကြသည်..
စိတ်ပါလက်ပါဖြင့် စာကိုမရမချင်း ကြိမ်ဖန်များစွာ ကျက်လေတော့..




ယခုတော့... မာဂရက်နှင့်အေမီတို့သည်အလွန်ပျော်ရွှင်နေကြသည်... ခင်သီယာလေးရဲ့အားပေးလမ်းပြမှုကြောင့် သူတို့စာကျက်ရမှာမပျင်းတော့ပေ...




ကာတွန်း★ ပေါ်ပြူးကျော်
မင်းသမီးလေး ၃
အမြတ်ဆုံးသော
မွေးနေ့ပွဲလေး


နေ့ခင်း ဖခင်ပေးသောမုန့်ဖိုးကိုမစား
မသောက်ဘဲစုဆောင်းခဲ့သော ခင်သီတာ
လေးသည် ယနေ့တော့စုဘူးကို
ဖောက်လိုက်သည်...
ဂျလောက်!!
ဟယ်.. ငါစုထားတဲ့
ငွေတွေမနည်းပါလား
ဟန်ကျလိုက်တာ..